STATISTICAL BULLETIN

ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်

# မြန်မာနိုင်ငံ၏ စပါးနှင့်သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးထုတ်လုပ်မှု ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များ

ဤစာတမ်းတိုပါအချက်အလက်များကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ ထုတ်ဝေထားသော ၂၀၁၅ ခုနှစ်၊ မြန်မာ့စိုက်ပျိုးရေးစာတမ်းမှ ထုတ်နုတ်ရေးသားထားခြင်းဖြစ်ပါသည်။ ယင်းစာတမ်းတိုတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ကဏ္ဍအလိုက် မြေဧကများ၊ စပါးနှင့် သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးမြေဧကများ၊ စိုက်ပျိုးမှုများ၊ ထုတ်လုပ်မှုများနှင့် ပြည်တွင်းအသားတင် ထုတ်ကုန်တန်ဖိုးတို့ကို ဖော်ပြထားပါသည်။ စာတမ်းတိုတွင် မူဝါဒများကို ပြည့်စုံစွာ သုံးသပ်ထားခြင်းမရှိပါ။ အချက်အလက်ဖြစ်စဉ်များ (trend) နှင့် အချက်အလက်နှိုင်းယှဉ်မှုများကိုသာ ဖော်ပြထားပါသည်။

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## အကျဉ်းချုပ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက် မြေကေများထဲတွင် သစ်တော ကြိုးဝိုင်းမြေသည် ရာခိုင်နှုန်းအများဆုံးဖြစ်ပြီး အသားတင်စိုက်ပျိုးမြေဧရိယာမှာ ၁၇.၇ ရာခိုင်နှုန်း သာရှိပါသည်။ မြန်မာနိုင်ငံ၏ သီးနှံအမျိုးအစားအလိုက်ထုတ်လုပ်မှုတွင် နှစ်စဉ် စပါးထုတ်လုပ်မှု မှာ အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ စပါး စိုက်ဧကမှာ ၇၂၇၀,၀၀၀ ဟတ်တာ ရှိပါသည်။ မြန်မာနိုင်ငံတွင်စိုက်ပျိုးသော သီးနှံအမျိုးအစား များ၏ ဧကအလိုက်ထွက်ရှိမှုနှုန်းများတွင် ကြံထွက်ရှိမှုနှုန်းမှာ အများဆုံးဖြစ်ပြီး စပါးထွက်ရှိမှု နှုန်းမှာ ဒုတိယအများဆုံးဖြစ်ပါသည်။ ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ၏ စပါးစိုက်ဧကများထဲတွင် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်သည် စပါးစိုက်ဧက (၈.၁၂ မီလီယံဟက်တာ) အများဆုံးဖြစ်ပါသည်။ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်တွင် စပါးစိုက်ဧကများသော် လည်း ထုတ်လုပ်နိုင်မှုမှာ နည်းနေပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် စပါးစိုက်ဧက နည်းသော် လည်း ပိုမိုထုတ်လုပ်နိုင်သည်ကို တွေ့ရှိရပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မြန်မာနိုင်ငံ၏ ကဏ္ဍ အလိုက် ပြည်တွင်းအသားတင်ထုတ်ကုန် တန်ဖိုးများအနက် ဝန်ဆောင်မှုကဏ္ဍသည် (၁၁.၉ ထရီလီယံကျပ်) အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။


# **မာတိကာ**


| **စဉ်** | **အကြောင်းအရာ** | **စာမျက်နှာ** |
|---|---|---|
| ၁။ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက်မြေဧကများ | ၄ |
| ၂။ | မြန်မာနိုင်ငံ၏ သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်မှု (၂၀၁၄-၁၅ ဘဏ္ဍာနှစ်) | ၅ |
| ၃။ | မြန်မာနိုင်ငံတွင် သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်မှု (၂၀၁၀-၁၅ ဘဏ္ဍာနှစ်) | ၆ |
| ၄။ | မြန်မာနိုင်ငံတွင် သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးမြေဧကများ | ၇ |
| ၅။ | မြန်မာနိုင်ငံတွင် စိုက်ပျိုးသောသီးနှံအမျိုးအစားများ၏ ဧကအလိုက်ထွက်ရှိမှုနှုန်း | ၈ |
| ၆။ | မြန်မာနိုင်ငံ၏ နှစ်အလိုက် စပါးစိုက်ဧကများ | ၉ |
| ၇။ | မြန်မာနိုင်ငံ၏ နှစ်အလိုက်စပါးထုတ်လုပ်မှုများ | ၁၀ |
| ၈။ | မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက် (GDP) တန်ဖိုး | ၁၁ |

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက်မြေဧကများ

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကဏ္ဍအလိုက် မြေဧကများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက်မြေဧကများ




*Source: Ministry of Agriculture and Irrigation, 2015*


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက် မြေဧကများထဲတွင် သစ်တောကြိုးဝိုင်းမြေသည် ရာခိုင်နှုန်းအများဆုံးဖြစ်ပြီး အသားတင်စိုက်ပျိုးမြေဧရိယာမှာ ၁၇.၇ ရာခိုင်နှုန်းသာရှိပါသည်။ မြေလွတ်၊ မြေရိုင်းများမှာ ရာခိုင်နှုန်းအနည်းဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။

# မြန်မာနိုင်ငံ၏ သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်မှု (၂၀၁၄-၁၅ ဘဏ္ဍာနှစ်)

မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံ၏ သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်မှု**

(၀၀၀) မက်ထရစ်တန်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်




*Source : Ministry of  Agriculture and Irrigation,*

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်မှုတွင် စပါးထုတ်လုပ်မှုသည် အများဆုံးဖြစ်ပြီး ကြံထုတ်လုပ်မှုမှာ ဒုတိယအများဆုံးဖြစ်ပါသည်။ စပါးထုတ်လုပ်နိုင်မှုမှာ ၅၉ ရာခိုင်နှုန်းရှိပြီး ကျန်သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှာ ၄၁ ရာခိုင်နှုန်းသာ ရှိပါသည်။ ထို့ကြောင့် အခြားသီးနှံထုတ်လုပ်မှုစုစုပေါင်းကို စပါးထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ကြည့်လျှင် စပါးထုတ်လုပ်မှုသည် ထက်ဝက်ကျော် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ မြန်မာနိုင်ငံ၏ သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်မှုပုံသည် နောက်စာမျက်နှာတွင် ဖော်ပြထားသည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ထိ မြန်မာနိုင်ငံ၏ သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်မှုဇယားတွင် ပါရှိသောအချက် အလက်များထဲမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်မှုများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

## မြန်မာနိုင်ငံတွင် သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်မှု (၂၀၁၀- ၁၅ ဘဏ္ဍာနှစ်)

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ၏ သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### မြန်မာနိုင်ငံတွင် သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်မှု

(၀၀၀) မက်ထရစ်တန်

| | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ |
|---|---|---|---|---|---|
| **စပါး** | ၃၂၅၈၀. | ၂၉၀၁၀. | ၂၇၇၀၀. | ၂၈၃၂၀. | ၂၈၁၉၀. |
| **ကြံ** | ၉၃၉၈ | ၉၆၉၀ | ၉၅၆၄ | ၁၀၄၇၃ | ၁၁၃၀၇ |
| **ပဲ** | ၅၇၉၀. | ၅၄၁၀. | ၅၇၀၀. | ၅၉၀၀. | ၅၉၉၀. |
| **ပြောင်း** | ၁၃၇၆ | ၁၄၈၅ | ၁၅၂၆ | ၁၆၂၆ | ၁၇၂၁ |
| **နေကြာ** | ၅၅၀ | ၅၃၃ | ၄၆၇ | ၅၀၉ | ၅၃၂ |
| **ရာဘာ** | ၁၂၈ | ၁၅၀ | ၁၆၄ | ၁၇၇ | ၁၉၈ |
| **စားအုန်းဆီ** | ၉၃ | ၁၂၁ | ၁၃၄ | ၁၃၈ | ၁၂၇ |
| **လက်ဖက်** | ၉၆ | ၉၄ | ၉၆ | ၉၈ | ၁၀၀ |
| **ကော်ဖီ** | ၇ | ၈ | ၈ | ၈ | ၈ |

*Source : Ministry of Agriculture and Irrigation, 2015*

မြန်မာနိုင်ငံ၏ သီးနှံအမျိုးအစားအလိုက်ထုတ်လုပ်မှုတွင် နှစ်စဉ် စပါးထုတ်လုပ်မှုမှာ အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် စပါးထုတ်လုပ်မှုမှာ ၃၂.၆ မီလီယံတန် ထုတ်လုပ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၄.၄ မီလီယံတန် ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ၅ နှစ် တာကာလအတွင်း အခြားသီးနှံထုတ်လုပ်မှုမှာ အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

**မှတ်ချက်။ ။ ၁ မီလီယံတန် = ၁,၀၀၀,၀၀၀ မက်ထရစ်တန်**

# မြန်မာနိုင်ငံတွင် သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးမြေဧကများ

မြန်မာနိုင်ငံတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးမြေဧကများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံတွင် သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးမြေဧကများ**

(၀၀၀) ဟတ်တာ

| | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ |
|---|---|---|---|---|---|
| **စပါး** | ၈၀၅၀. | ၇၅၉၀. | ၇၂၄၀. | ၇၂၈၀. | ၇၁၇၀. |
| **ပဲ** | ၄၅၀၀. | ၄၄၂၀. | ၄၄၅၀. | ၄၅၃၀. | ၄၅၅၀. |
| **ရာဘာ** | ၅၀၄ | ၅၄၃ | ၅၈၁ | ၆၁၀ | ၆၄၁ |
| **ပြောင်း** | ၃၈၉ | ၄၁၂ | ၄၂၂ | ၄၄၁ | ၄၅၉ |
| **နေကြာ** | ၃၅၁ | ၃၂၆ | ၂၇၈ | ၂၉၉ | ၃၀၄ |
| **ကြံ** | ၁၅၂ | ၁၅၄ | ၁၅၄ | ၁၆၉ | ၁၈၁ |
| **စားအုန်းဆီ** | ၁၂၅ | ၁၃၄ | ၁၄၄ | ၁၄၈ | ၁၅၃ |
| **လက်ဖက်** | ၉၅ | ၉၆ | ၉၁ | ၉၄ | ၉၆ |
| **ကော်ဖီ** | ၂၅ | ၂၅ | ၂၀ | ၂၀ | ၂၀ |

*Source : Ministry of Agriculture and Irrigation, 2015*

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ စပါးစိုက်ဧကမှာ ၇၂၇၀,၀၀၀ ဟတ်တာ ရှိပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးမြေဧကများတွင် စပါးစိုက်ဧကမှာ နှစ်အလိုက်တဖြည်းဖြည်းလျော့နည်းလာပြီး ကျန်သီးနှံအများစု၏ စိုက်ဧကမှာ အနည်းငယ်စီ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

# မြန်မာနိုင်ငံတွင် စိုက်ပျိုးသောသီးနှံအမျိုးအစားများ၏ ဧကအလိုက်ထွက်ရှိမှုနှုန်း

ဧကအလိုက်ထွက်ရှိမှုနှုန်းဆိုသည်မှာ စိုက်ပျိုးမြေဧကများတွင် စိုက်ပျိုးထားသောသီးနှံများ၏ ဧကအလိုက်ထွက်ရှိမှုနှုန်းကို ဆိုလိုခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးသောသီးနှံအမျိုးအစားများ၏ ဧကအလိုက်ထွက်ရှိမှုနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံတွင် စိုက်ပျိုးသောသီးနှံအမျိုးအစားများ၏ ဧကအလိုက်ထွက်ရှိမှုနှုန်း**

| | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ |
|---|---|---|---|---|---|
| **ကြံ** | ၆၂.၆ | ၆၃.၂ | ၆၂.၃ | ၆၁.၈ | ၆၃.၄ |
| **စပါး** | ၄.၁ | ၃.၄ | ၃.၈ | ၃.၉ | ၃.၉ |
| **ပြောင်း** | ၃.၅ | ၃.၆ | ၃.၆ | ၃.၇ | ၃.၈ |
| **စားအုန်းဆီ** | ၂.၅ | ၃.၁ | ၃.၄ | ၃.၃ | ၂.၉ |
| **နေကြာ** | ၁.၆ | ၁.၆ | ၁.၇ | ၁.၇ | ၁.၈ |
| **ပဲ** | ၁.၃ | ၁.၂ | ၁.၃ | ၁.၃ | ၁.၃ |
| **လက်ဖက်** | ၁.၂ | ၁.၂ | ၁.၂ | ၁.၂ | ၁.၂ |
| **ရာဘာ** | ၀.၇ | ၀.၈ | ၀.၈ | ၀.၈ | ၀.၈ |
| **ကော်ဖီ** | ၀.၇ | ၀.၇ | ၀.၇ | ၀.၇ | ၀.၇ |

သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးမှုများကို မက်ထရစ်တန်ပါဟက်တာ (Metric Ton per Hectare) ဖြင့်ဖော်ပြထားပါသည်။


*Source : Ministry of Agriculture and Irrigation, 2015*

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံတွင် စိုက်ပျိုးသောသီးနှံအမျိုးအစားများ၏ ဧကအလိုက်ထွက်ရှိမှုနှုန်းများကို ကြည့်ခြင်းအားဖြင့် ကြံထွက်ရှိမှုနှုန်းမှာ အများဆုံးဖြစ်ပြီး စပါးထွက်ရှိမှုနှုန်းမှာ ဒုတိယအများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။

# မြန်မာနိုင်ငံ၏ နှစ်အလိုက် စပါးစိုက်ဧကများ

မြန်မာနိုင်ငံတွင် ဆန်စပါးသည် စီးပွားရေးအရသော်လည်းကောင်း၊ အာဟာရအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း အဓိက အရေးပါသော သီးနှံတစ်မျိုးဖြစ်ခြင်းကြောင့် နှစ်အလိုက် စပါးစိုက်ဧကများနှင့် နှစ်အလိုက် စပါးထုတ်လုပ်မှုများကို သီးခြား ဖော်ပြထားခြင်းဖြစ်ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏နှစ်အလိုက် စပါးစိုက်ဧကများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံ၏ နှစ်အလိုက် စပါးစိုက်ဧကများ**





*Source: Ministry of Agriculture and Irrigation, 2015*

၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ၏စပါးစိုက်ဧကများထဲတွင် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်သည် စပါးစိုက်ဧက (၈.၁၂ မီလီယံဟက်တာ) အများဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စပါးစိုက်ဧကများသည် ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွင်း နှစ်အလိုက် သိသိသာသာမြင့်တက်လာခဲ့ပြီး ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းတွင် နှစ်အလိုက် အနည်းငယ်စီလျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။

# မြန်မာနိုင်ငံ၏ နှစ်အလိုက်စပါးထုတ်လုပ်မှုများ

မြန်မာနိုင်ငံ၏ နှစ်အလိုက် စပါးထုတ်လုပ်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံ၏ နှစ်အလိုက် စပါးထုတ်လုပ်မှုများ**




*Source: Ministry of Agriculture and Irrigation, 2015*


မြန်မာနိုင်ငံ၏ စပါးထုတ်လုပ်မှုများသည် ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အထိ နှစ်အလိုက် မြင့်တက်လာသည်ကို တွေ့ရှိရပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ စပါးထုတ်လုပ်မှု လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ စပါးစိုက်ဧကသည် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်တွင် (၈.၁၂ မီလီယံဟက်တာ) စိုက်ပျိုးခဲ့ပြီး စပါးထုတ်လုပ်မှုသည် (၃၀.၈၂ မီလီယံမက်ထရစ်တန်) ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် စပါးစိုက်ဧကသည် (၈.၀၅ မီလီယံဟက်တာ) စိုက်ပျိုးခဲ့ပြီး စပါးထုတ်လုပ်မှုတွင် (၃၂.၅၈ မီလီယံမက်ထရစ်တန်) ထုပ်လုပ်နိုင်သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်တွင် စပါးစိုက်ဧက များသော်လည်း ထုတ်လုပ်နိုင်မှုမှာ နည်းနေပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် စပါးစိုက်ဧက နည်းသော်လည်း ပိုမိုထုတ်လုပ်နိုင်သည်ကို တွေ့ရှိရပါသည်။

# မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက် (GDP) တန်ဖိုး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ကဏ္ဍအလိုက် ပြည်တွင်းအသားတင် ထုတ်ကုန် (GDP) တန်ဖိုးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက် (GDP) တန်ဖိုး**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်**




*Source:Ministry of Agriculture and Irrigation, 2015*

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက် ပြည်တွင်းအသားကုန်ထုတ်ကုန် တန်ဖိုးများအနက် ဝန်ဆောင်မှုကဏ္ဍသည် (၁၁.၉ ထရီလီယံကျပ်) အများဆုံးဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍ၏ (GDP) တန်ဖိုးသည် ၁၁.၂ ထရီလီယံကျပ် ရှိပြီး ဝန်ဆောင်မှုကဏ္ဍ၏ (GDP) တန်ဖိုးနှင့် နှိုင်းယှဉ်ကြည့်ပါက ၀.၇ ထရီလီယံကျပ် လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။

**မှတ်ချက်။ ။ ၁ ထရီလီယံကျပ် = ၁၀၀၀ ဘီလီယံကျပ်**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅